တိတ္ထာယတနသုတ်
(၁) သတ္တဝါတို့ရဲ့ ချမ်းသာခြင်း(သုခ)၊ ဆင်းရဲခြင်း(ဒုက္ခ)၊ မချမ်းသာဆင်းရဲခြင်း(ဥပေက္ခာ)ဝေဒနာသုံးပါးဟာ ရှေးကပြုခဲ့တဲ့ အကြောင်းကံကြောင့်သာလျှင် ဖြစ်ရတာပါလို့ စွဲလန်းယုံကြည်နေတဲ့ အယူမှားက တစ်ရပ်
(၂) အဲဒီဝေဒနာသုံးပါးဟာ လောကကို အစိုးရသူတွေရဲ့ ဖန်ဆင်းမှုအကြောင်းကြောင့်လို့ လက်ခံယုံကြည်နေတဲ့ အယူမှားက တစ်ရပ်
(၃) အဲဒီဝေဒနာတွေဟာ ဘာအကြောင်း အထောက်အပံ့မှ မရှိပဲ ပကတိ အလိုလို ဖြစ်ရတာပါလို့ လက်ခံယုံကြည်ထားတဲ့ အယူမှားက တစ်ရပ်
( အင်္ဂုတ္တိုရ် နိကာယ် ပါဠိ-မြန်မာပြန် ပထမတွဲ စာ-၁၉၂)

ပထမအယူမှားဟာ အတိတ်ကံတစ်ခုတည်းကိုပဲ ယုံကြည်ပြီး ပစ္စုပ္ပန်ကံဖြစ်တဲ့ ဝိရိယ အရာနဲ့ ဉာဏ်ပညာတွေကို ပစ်ပယ်ထားတဲ့အတွက် (ဧက ပက္ခဟီန ဝါဒ)လို့ ခေါ်ပါတယ်။
ဒုတိယအယူမှားက အတိတ်ကံရော ပစ္စုပ္ပန်ကံရော နှစ်ပါးလုံးကို ပစ်ပယ်ထားတဲ့ အတွက် (ဥဘယ ပက္ခဟီန ဝါဒ)လို့ခေါ်ပါတယ်။
တတိယအယူမှားကတော့ အကြောင်းမရှိပဲအလိုလိုဖြစ်တယ်လို့ ယုံကြည်ထားတဲ့အတွက် (သဗ္ဗဟီန ဝါဒ) လို့ခေါ်ပါတယ်။
(လယ်တီ ဆရာတော်ဘုရားကြီးရဲ့ ဒီပနီပေါင်းချုပ် စာ-၈၂)

တတိယအချက်ထဲက အကြောင်း ဆိုတာနဲ့ ပတ်သက်လို့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ရှင်းလင်းချက်ကို မူရင်း အတိုင်းတင်ပြရရင် ………………..
ကမ္မသသကာ၊ ပမ္မဒါယာဒါ ဟူသောပုဒ်၌ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်ပါးလုံးရသင့်၏။ ကမ္မသသကာနေရာ၌ သတ္တဝါတို့၏ အတိတ်ကံတည်းဟူသော ဥစ္စာလည်းရှိကြကုန်၏။ ပစ္စုပ္ပန်ကံတည်းဟူသော ဥစ္စာလည်းရှိကြကုန်၏။ ဤသို့ထင်ရှား သန့်ရှင်းသော အနက်ကို ရအပ်၏။

တိတ္ထာယတန သုတ်မှာ ဘုရားဟော အနှစ်ချုပ်ကို လေ့လာကြည့်ရင်၊ သတ္တဝါတွေရဲ့ ဆင်းရဲချမ်းသာမှုတွေဟာ
(၁) အတိတ်ကံတစ်ခုတည်းကြောင့် မဟုတ်ပါဘူး
(၂) လောကကို အစိုးရသူ ဖန်ဆင်းရှင်တို့ရဲ့ ပြုလုပ်မှုကြောင့်လည်း မဟုတ်ပါဘူး
(၃) အကြောင်းမရှိပဲ ပကတိ အလိုလို ဖြစ်လာတာလဲ မဟုတ်ပါဘူး
ဒီလိုကောက်ချက်ဆွဲပြီးမြင်ရမှာဖြစ်ပါတယ်။ အစွန်းတရားတွေပယ်ပြီး အလယ်အလတ် လမ်းစဉ်တွေကို လိုက်ရမယ်ဆိုတဲ့ ဗုဒ္ဓရဲ့ မဇ္ဈိမပဋိပဒါ လမ်းစဉ်သဘောကို အဲဒီသုတ်တော်မှာ တွေ့ရမှာ ဖြစ်ပါတယ်။

တိတ္ထာယတနသုတ်တော်မှာ ဗုဒ္ဓက ဆက်ပြီး ဟောကြားတော်မူပါသေးတယ်။
သတ္တဝါတွေရဲ့ ဆင်းရဲမှု ချမ်းသာမှုတွေဟာ ရှေးကပြုခဲ့ဖူးသော အကြောင်း (အတိတ်ကံ)ကြောင့် ဖြစ်ရတာပါလို့ ယူဆမယ်ဆိုရင် ယခုဘဝမှာ ပြုနေကြတဲ့ သူ့အသက်သတ်ခြင်း စတဲ့ ဒုစရိုက် ၁၀ ပါးကို ပြုကျင့် ကျူးလွန်နေကြတာတွေဟာ အတိတ်ကံကြောင့် ပြုနေရတာပါလို့ ပြောကြမှာလား။ အလားတူပဲ ဖန်ဆင်းရှင်တို့ရဲ့ ဖန်ဆင်းမှုကြောင့် ပြုနေကြတာလား။ အကြောင်းမရှိပဲ ပြုနေကြတာလို့ ပြောကြမှာလား ဆိုပြီး စောဒက အမေးနဲ့ ဟောထားတာ တွေ့နိုင်ပါတယ်။

လယ်တီဆရာတော် ဘုရားကြီးရဲ့ ဖွင့်ဆိုချက် အရဆိုရင် သတ္တဝါတွေရဲ့ ဆင်းရဲမှုချမ်းသာမှု စတဲ့ ဝေဒနာတွေဟာ အတိတ်ကံဆိုတဲ့ အကြောင်းတရားရယ်၊ ပစ္စုပ္ပန်ကံဆိုတဲ့ အခုဘဝပြုလုပ်ဆည်းပူးမှု (ဉာဏ်နဲ့ဝိရိယ)ဆိုတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်ရတာပါလို့ နားလည် လက်ခံရမှာ ဖြစ်ပါတယ်။

သတ္တဝါတွေရဲ့ ချမ်းသာမှုတွေဟာ အတိတ်ကံကြောင့် မဟုတ်ဘူးဆိုရင် အခုဘဝပြုသမျှတွေဟာ နောင်ဘဝပါသွားမှာ မဟုတ်တဲ့အတွက် ပြုချင်ရာပြုတော့လို့ အားပေးရာ ရောက်မသွား ပေဘူးလား။ အတိတ်ကံက ပစ်ချလို့ လုပ်နေရတာပါလို့ မြင်နေရင်လည်း ကောင်းကောင်းဆိုးဆိုး လုပ်ချင်ရာလုပ် လုပ်သမျှ ဘာမှ ဖြစ်မှာ မဟုတ်ဘူးလို့ အမြင်တိမ်းစောင်းသွားမှာ သေချာပါတယ်။
ခုခေတ်ဟာ မျိုးရိုးဗီဇနည်းတွေနဲ့ သန္ဓေသားတွေ ဖန်တီးတဲ့ ခေတ်လို့ ပြောနိုင်ပါတယ်။
လူသားတစ်ယောက်ကို Clone နည်းပညာနဲ့ မွေးဖွားလိုက်ပြီဆိုရင် သိပ္ပံပညာရှင်တွေက လူသားတွေရဲ့ ကံကြမ္မာကို ဖန်ဆင်းပေးတော့ မလိုဖြစ် သွားပါပြီ။ ဒီအခြေအနေဟာ တိတ္ထာယတနသုတ်မှာပါတဲ့ ဒုတိယ အမှားဘက်ကို ရောက်မှန်းမသိ ရောက်သွားပါပြီ။

တကယ်တော့ သိပ္ပံပညာရှင်ဆိုသူတွေဟာ ဖန်ဆင်းရှင်တွေ မဟုတ်ကြပါဘူး။
ရုပ်သဘာဝရဲ့သဘောတရားတွေ၊ လျှို့ဝှက်ချက်တွေကို အတတ်ပညာတွေနဲ့ ရှာဖွေကြတယ်။ ရှာဖွေကြံဆ သိလာသမျှတွေနဲ့ လူသားတွေ အကျိုးရှိဖို့ အသုံးချတယ်။ ဒါပေမယ့် သဘာဝတရားကြီးကို ဆန့်ကျင်ပြီး လုပ်ကိုင်ဖန်တီးလို့ မရပါဘူး။ သဘာဝမွေထဲမှာ အပါအဝင်ဖြစ်တဲ့ ကံပိုင်းဆိုင်ရာ၊ နာမ်ပိုင်းဆိုင်ရာတွေကို ပိုပြီး ပြုပြင်ဖန်တီးလို့ မရတာ သေချာပါတယ်။ သန္ဓေသားဆိုတာ စိတ်သန္တာန်နဲ့ တွဲစပ်နေတဲ့ ရုပ်သန္တာန်တစ်ခုပါပဲ။ ကိုယ်ကာယ( ရုပ်သန္တာန်) တိုးတက်ဖွံ့ဖြိုးမှု၊ ကာယစွမ်းအား၊ ဉာဏ်စွမ်းအားကောင်းစေဖို့ ဆေးပညာနဲ့ ပြုစုစောင့်ရှောက်တာ လက်ခံပါတယ်။

[b]ဗီဇနိယာမသည် သားငယ်၏ သန္တာန်၌ ကမ္မနိယာမ၏ အဖော်သဟဲကြီးပေတည်း။ အမိဖြစ်သူ၏ ထိုဓာတ်အစုသည် ပျိုးခင်း အလယ်တွင် သမန်းပြင်မြေဓာတ်နှင့်တူ၏၊ အဘဖြစ်သူ၏ ဓာတ်အစုသည် သမန်းပြင်ရှိရေဓာတ်နှင့်တူ၏။ ကံဟုခေါ်သော နာမ်ဓာတ် မျိုးစေ့ကြီးသည် ပျိုးခင်းအလယ်တွင် သမန်းပြင်ရေ၌ ကြဲပစ်နစ်မြုပ်၍နေသော စပါးမျိုးစေ့နှင့်တူ၏ [/b]
(လယ်တီဆရာတော် ဘုရားကြီး ၏ ဒီပနီပေါင်းချုပ် စာ-၄၄၈...နိယာမ ဒီပနီအခန်း)
လူအပါအဝင် သတ္တဝါတိုင်းဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်း ၄ ရပ်နဲ့ တည်ဆောက်ထားပါတယ်။ ပဋိသန္ဓေတည်စ အချိန်မှာ ကမ္မဇ ရုပ် စဖြစ်လာပါတယ်။ အမိ အဖ ဆိုတဲ့ ဗီဇရုပ်သဘာဝကို အကောင်းဆုံးပြုပြင်ဖန်တီးနိုင်ပါတယ်။ သဘာဝနည်းနဲ့ ပဲ ပဋိသန္ဓေ စ ယူယူ၊ မျိုးရိုးဗီဇနည်းနဲ့ပဲ ပဋိသန္ဓေ စယူယူ၊ ဖြစ်တည်လာစ ပဋိသန္ဓေယူလာတဲ့ ကမ္မမျိုးစေ့ကိုတော့ ဘယ်လိုနည်းနဲ့မှ ပြုပြင်လို့မရတာ သေချာပါတယ်။ ဘာလို့လဲဆိုတော့ နက်နဲဆန်းကြယ်လှတဲ့ ကမ္မနိယာမ သဘောကို ဘယ်သိပ္ပံပညာရှင်မှ မြင်တွေ့ကြံဆ နိုင်မှာမဟုတ်ပါဘူး။

သန္ဓေသားဘဝက လူသားတစ်ယောက်အဖြစ် မွေးဖွားလာပြီ ဆိုပါတော့။ DNA နည်းနဲ့ မွေးဖွားလာတဲ့ သန္ဓေသားအပါအဝင်။ အဲဒီလူသားတစ်ယောက် ကျန်းမာဖို့ အသက်ရှင်ဖို့ ဆေးဝါး၊ အစားအစာတွေ မှီဝဲတယ်။ ဥတုသပ္ပါယမျှတအောင် နေထိုင်တယ်။ စိတ်စွမ်းအား ကိုလည်းမြှင့်တင်ထားတယ်။ အဲဒီလူသား

သက်ရှည် ကျန်းမာပြီလို့ အပိုင်ပြောရဲလား။ ကမ္မဇရုပ်က ဖေါက်ပြန်ပြီဆိုတာနဲ့ ရောဂါတစ်ခု အမည်တပ်ပြီး နာမကျန်းဖြစ်လာရပါပြီ။ ထိုနည်းတူပဲ မျိုးရိုးဗီဇ နည်းပညာနဲ့ မွေးဖွားထားတဲ့ အကောင်းဆုံး အရည်အသွေးနဲ့ လူသားတွေကရော ဘယ်တော့မှ မသေ၊ ဘာရောဂါမှမရဘူး၊ ဘာအန္တရာယ်မှ မဖြစ်ဘူးလို့ ဘယ်သူကမှ အာမ မခံရဲပါဘူး။ ဘယ်သန္တေသားပဲဖြစ်ဖြစ် ရုပ်ဝတ္ထုပစ္စည်းတစ်ခု မဟုတ်ပဲ၊ ဗီဇနိယာမ၊ ကမ္မနိယာမတွေနဲ့ ပေါင်းစပ်ထားတဲ့ သတ္တဝါတစ်ဦး ဖြစ်လို့ပါပဲ။

ဒီတော့.......ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ ကမ္မနိယာမတွေနဲ့ တည်ဆောက်ခြင်းခံရတဲ့ မည်သည့်နည်းနဲ့ဖြစ်ဖြစ် ဖြစ်ပေါ်ပေါက်ဖွားလာတဲ့ သတ္တဝါတွေ တည်ရှိနေသရွေ့ အတိတ်ကံဝါဒီတွေ အဖို့ အမြဲနေရာရှိနေဦးမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။